# အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၄ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်

၁။ ဤဥပဒေကို အမြတ်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမြတ်ခွန်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (က) ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည်—

(က) အခွန် ဆိုသည်မှာ ဤဥပဒေအရ ငွေဖြင့်ဖြစ်စေ၊ သီးနှံဖြင့်ဖြစ်စေ၊ ကုန်ပစ္စည်းဖြင့်ဖြစ်စေ ပေးဆောင်ရမည့် အခွန်ကို ဆိုသည်၊

၃။ အမြတ်ခွန်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (စ) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်—

(စ) ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့် ဥပဒေအရ မှတ်ပုံတင်၍ လက်ကားရောင်းဝယ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်သည် ငွေဖြင့်ဖြစ်စေ၊ သီးနှံဖြင့်ဖြစ်စေ၊ ကုန်ပစ္စည်းဖြင့်ဖြစ်စေ ဝန်ကြီးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားနှင့် နည်းလမ်းအတိုင်း အခွန်ပေးဆောင်ရန် တာဝန်ရှိသည်။ ဝန်ကြီးအဖွဲ့သည် အခွန်နှုန်းထားကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြ ပြဋ္ဌာန်းမည့် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေတွင် ထည့်သွင်းဖော်ပြရမည်၊

၄။ အောက်ပါပုဒ်မခွဲကို အမြတ်ခွန်ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဆ) အဖြစ် ဖြည့်စွက်ရမည်—

(ဆ) ပုဒ်မခွဲ (ခ)၊ (ဂ)၊ (ဃ)၊ (င) သို့မဟုတ် ပုဒ်မခွဲ (စ) အရ အခွန်ကျသင့်ပြီးပါက ပုဒ်မခွဲ (က) အရ အခွန် ထပ်မံ မကျသင့်စေရ။

၅။ အောက်ပါပုဒ်မခွဲကို အမြတ်ခွန်ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဆ) အဖြစ် ဖြည့်စွက်ရမည်—

(ဆ) ပုဒ်မ ၄ ပုဒ်မခွဲ (စ) နှင့် အကျုံးဝင်သူ။

၆။ အမြတ်ခွန်ဥပဒေပုဒ်မ ၂၅ ကို အောက်ပါပုဒ်မဖြင့် အစားထိုး ရမည်—

၂၅။ အခွန်ထမ်းသည် သတ်မှတ်ထားသည့် အချိန်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့် အချိန်အတွင်း အခွန်နှင့် ဒဏ်ငွေကို ပေးဆောင်ရန် ပျက်ကွက်လျှင် မပေးဆောင်သည့်အခွန် သို့မဟုတ် ဒဏ်ငွေကို မပြေကျန်ငွေအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ အခွန်ထမ်းကို ပျက်ကွက်သူအဖြစ် လည်းကောင်း မှတ်ယူပြီး အဆိုပါ မပြေကျန်ငွေကို ဝင်ငွေခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ စည်းကြပ်မှုအဖွဲ့က အရကောက်ခံရမည်။ ယင်းသို့ အရကောက်ခံ ရာ၌ ဝင်ငွေခွန်ဥပဒေတွင် ပြဋ္ဌာန်းထားသော နည်းလမ်းများနှင့် လုပ်ပိုင်ခွင့်များကို စည်းကြပ်မှုအဖွဲ့က ကျင့်သုံးရမည်။